## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး

# လျှောက်လွှာခေါ်ယူခြင်း

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

(၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၁၇) နေရာအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဂ) (၁-၂-၂၀၂၀) ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) အသိမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ၊ နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် လျှောက်ထားသည့် ရာထူး၊ အမည်၊ မိဘအမည်၊ မွေးသက္ကရာဇ်နှင့် အသက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ အိမ်ထောင် ရှိ/မရှိ၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူးနှင့်လစာနှုန်း၊ ဌာနအမည်တို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးထားရန်)

(ခ) သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်းတို့ထံမှ ၁-၂-၂၀၂၀ ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်

(ဂ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ခရိုင်ရုံး)၊ ဥတ္တရခရိုင်တွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန ခွင့်ပြုချက်စာ

(င) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(စ) ဘွဲ့လက်မှတ်မိတ္တူ( မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီ တစ်ပတ်အတွင်း စစ်ဆေးထားသည့် ဆေးထောက်ခံချက်

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန **Website** [www.mifer.gov.mm](http://www.mifer.gov.mm) တွင် download ရယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁) တွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်၊ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်လွှာတင်ပြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ယူဆောင်လာရန်ဖြစ်ပါသည်။

၆။ အငယ်တန်းစာရေးရာထူးအတွက် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ကွန်ပျူတာစစ်ဆေးခြင်းများနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ စာရွက်စာတမ်း မပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ စစ်ဆေးခြင်းများကို (၁၄-၃-၂၀၂၀) ရက်နှင့် (၁၅-၃-၂၀၂၀) ရက်များတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁) ၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး အောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းပြုလုပ်မည့် နေ့ရက်အား အသိပေးကြေငြာသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဖုန်း ၀၆၇-၃၄၀၇၃၆၈ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး